ပဉ္စာကုန်းကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပဉ္စာကုန်းကျေးရွာ၊မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်မှုဆိုင်ရာအခြေပြဇယား

၁။ တည်နေရာနှင့်ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၂၈၀)စု နှင့် ကျား(၅၃၄)၊ မ(၆၀၀)ဦးဖြင့် လူဦးရေပေါင်း (၁၁၃၄)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာ ရှိလူဦးရေအားလုံးတို့၏ (၇၃.၄ %)ရှိပါသည်။

ပဉ္စာကုန်းကျေးရွာသည် မြင်းမူမြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင်သမန္တော်ကျေးရွာ၊ တောင်ဘက်တွင်မဲနောကျေးရွာ၊ အရှေ့ဘက်တွင် လှေဦးကန် ကျေးရွာ၊အနောက်ဘက်တွင် ဂရုကျေးရွာများရှိပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ယာမြေ၊ဥယျာဉ်ခြံမြေများရှိပြီး၊ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျန်ပ်တို့ကျေးရွာတွင် အဝီစိတွင်း များမှ စိုက်ပျိုးရေးကိုရရှိစိုက်ပျိုးနိုင်ပါသည်။ မြို့နယ်သည် အပူပိုင်းဒေသတွင်ပါဝင်ပြီး မိုးရေချိန် ၄၀ လက်မအောက်သာ ရှိပါသည်။ နွေရာသီအချိန်အခါ၌ အလွန်ပူးပြင်းခြောက်သွေ့သော ရာသီဥတုမျိုး ဖြစ် ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်း(၇)ဖွဲ့ရှိပါသည်။ တောင်သူလယ်သမားအဖွဲ့၊ လူထု အခြေပြုအချက်အပြုတ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ဝေယျာဝစ္စအဖွဲ့၊ ဂေါပကအဖွဲ့၊ ငွေစုငွေချေးအဖွဲ့နှင့် ပရဟိတအဖွဲ့များကိုလည်း ကျေးရွာမှလူကြီးအချို့ ဦးဆောင်ပြီး လူငယ်လူရွယ်များပါဝင်ဖွဲ့စည်း ထားကာ ကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စရပ်များကို ဆောက်ရွက်လျှက်ရှိကြသည်။ ကျေးရွာသား အများစုမှာ ကျေးရွာအတွင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက် လျက်ရှိကြပါသည်။ ကျေးရွာတွင်

စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ငွေစုငွေချေးလုပ်ငန်းများရှိကြပြီး ကျေးရွာသားအများစုသည် ကျေးရွာတွင်း အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၆၉.၇%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၈.၅%)သည် ချမ်းသာသည့်အဆင့်၊ (၂၁.၇%)သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေ(၄၅)ဧက၊ ယာမြေ(၁၃၄၁)ဧက၊ ဥယျာဉ်ခြံမြေ (၇)ဧက ရှိပြီး မြေဆီမြေဩဇာ ယေဘုယျအားဖြင့် အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးကို အများအားဖြင့် အဝီစိတွင်းမှ ရာသီအလိုက်ရရှိပါသည်။ လုံလောက်မှုမရှိပါ။ ကျေးရွာတွင် အဓိကအားဖြင့် နှမ်း၊ မြေပဲ၊ ပဲမျိုးစုံတို့ကို စိုက်ပျိုးကြသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်း အသင့်အတင့်ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများမှာ လျှော်ဖြူစိုက်ခင်း နှင့် သရက်ခြံများစိုက်ပျိုးကြပါသည်။ မြေပဲတစ်ဧကလျှင် ပျမ်းမျှ(၂၅)တင်းနှုန်း ထွက်ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာ အသုံးပြုမှုအနေဖြင့် ထွန်စက် (၅)စီး၊ လက်တွန်းထွန်စက် (၁၆)စီး၊ ရေစုပ်စက်(၃)လုံး၊ခြွေလှေ့စက်(၃)လုံး ရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက် အပိုင်မရှိသော တောင်သူများသည် ငှားရမ်းထွန်ရက်ကြရာတွင် တစ်ဧကလျှင် (၁၆၀၀၀/-)ကျပ်ဝန်းကျင် ပေးငှားရသောကြောင့် စျေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရပါသည်။ ကျေးရွာများမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို အတိုးနှုန်း (၇၀)ပြားနှုန်း တစ်ဧကလျှင် (၁၀၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူကြပါသည်။ မွေးမြူရေး အနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားများကို အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းတွင် အသုံးပြုရန်နှင့် အပိုဝင်ငွေရရှိရန် မွေးမြူကြပါသည်။ ကြက်၊ ဝက်များကို မွေးမြူမှုနည်းပါးပါသည်။ အိမ်ထောင်စုအချို့မှာလည်း ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ အိမ်စျေးဆိုင်စသော လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ကျပန်းအလုပ်သမားအချို့သည် လခစား အလုပ်အနေဖြင့် အခြားမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာချင်းဆက်လမ်းမှာ ဂျင်းလမ်းဖြစ်ပြီး အသင့်အတင့်သာကောင်းမွန်ပါသည်။ ကျေးရွာ၏ ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၂၄၁)စီးနှင့် နွားလှည်း (၁၄၂)စီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသည်မှာလည်း အဓိကအားနည်းချက် တစ်ရပ်ဖြစ်နေပါသည်။အိမ်သုံးအသေးစားဆိုလာအား (၂၇၄)အိမ်ထောင်စုမှ အသုံးပြုကြပါသည်။ အိမ်တိုင်းနီးပါးမှု လက်ကိုင်ဖုန်းအသုံးပြုနေကြပြီးဖြစ်ပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး သတင်းအချက်အလက်များသိရှိနိုင် ရန်အတွက် ချိတ်ဆက်အသုံးပြုကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦး မရှိသေးပါ။ ရွာသူ/ရွာသားအများစုသည် စာပေဗဟုသုတ လွန်စွာအားနည်းပါသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး စာမတတ်သူ ရာခိုင်နှုန်းသည် (၅) ရာခိုင်နှုန်းသာ ရှိပါသည်။ လူဦးရေ၏ ထက်ဝက်ကျော်သည် အခြေခံမူလတန်း ပညာပြီးမြောက်သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ရှိပါ သည်။ ဆရာ/ဆရာမ အစိုးရခန့်(၄)ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့်တွက်ဆလျှင် လုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် မူလတန်းပညာကို အလျား (၇၀)ပေ၊ အနံ(၄၄)ပေအရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာ၊အင်္ဂတေအခင်းနှင့်ကျောင်းဆောင်တွင် သင်ကြားနိုင်သည်။ ကျောင်း၌ပဓိရုပ် သည် အသင့်အတင့်ကောင်းမွန်ပါသည်။ အလယ်တန်းပညာနှင့်အထက်တန်းပညာအတွက် အလွှကပ္ပကျေးရွာသို့လည်းကောင်း၊ မြင်းမူမြို့သို့လည်းကောင်း တက်ရောက်ကြရပါသည်။ ကျေးရွာ၏ ကျောင်းတက်နှုန်းသည်လည်း ကောင်းမွန်ပါသည်။ ရာနှုန်းပြည့်နီးပါးသည် မူလတန်းနှင့် အလယ်တန်းပညာတက်ရောက် ပညာသင်ကြားနေပါသည်။ အထက်တန်းနှင့်တက္ကသိုလ်ပညာ တတ်ရောက်မှုသည် လျော့နည်းပါသည်။ မူလတန်းနှင့် အလယ်တန်းပညာ တက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျော၊ ဆီးချို၊ တီဘီနှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော နှာစေးချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ကာကွယ်ဆေးပုံမှန်လာရောက် ထိုးနှံမှုရှိပါသည်။

ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော မဲနောကျေးရွာတွင် ကျေလက်ဆေးပေးခန်းရှိပြီ (၁၄)မိုင်ခန့်ကွာဝေးသော ကားလမ်းဖြင့် သွားလာနိုင်သည့် မြင်းမူမြို့နယ် ဆေးရုံ၊ ဆေးဆိုင်များသို့လည်း သွားလာနိုင်ပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက်အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေနိုင်ရန် ကျေးလက်ဆေးပေးခန်း (၁)ခု လိုလားပါသည်။

ကျေးရွာတွင် ရေတွင်း၊အဝီစိရေတွင်းများမှ ရေပိုက်လိုင်းစနစ်ဖြင့် ရေကို အလွယ်တကူ ရရှိနိုင်ပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် မိုးခေါင်ချိန်တွင် အလုပ်အကိုင်ရှားပါးခြင်း၊ လက်လုပ်လက်စားများအတွက် ဝင်ငွေနည်းပါးခြင်းများ ကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ကြပါသည်။

၉။ ကျား–မ ရေးရာ

ကျေးရွာတွင်ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်အမျိုသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား

နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့်ပြောနိုင်သည်။ အုပ်ချုပ်ရေး အသင်းအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့ များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းခင်းခြင်း	၁
၂	မီးလင်းရေး	ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း	၂
၃	ကျန်းမာရေး	ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း	၃
၄	ရေပေးရေး	၅၀'PVCစက်ရေတွင်း+ရေမြှုပ်ပန့်တပ်ဆင်ခြင်း+ အင်ဂျင်ဒိုင်နမိုတပ်ဆင်ခြင်း+(၁၀'x၈'x၈')	၄
၅	အခြေခံအဆောက်အဦ	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်းနှင့် စာအုပ်စာပေများဝယ်ယူခြင်း	၅